myantrade

# မြန်မာကုန်သွယ်မှုမြင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

July 17, 2019 Volume 21, Number 12

**၁၇.၇.၂၀၁၉**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၄၀၄ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၁၃၄၅၀၀/ကျပ် |
| ဒေါ်လာဈေး | = ၁၅၁၃/ကျပ် |
| CBM Rate | = ၁၅၁၄.၅/ကျပ် |
| ယူရို တစ်ယူရို | = ၁၆၉၈.၃ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၁၂.၇ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၈၇၈.၆ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၉၉.၀ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၆၁.၅ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၂၀.၁၉ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၂.၀၁၄ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၂၈.၂၄ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၈.၀၄ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၈.၉၈၉ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.org
myantradetir2016@gmail.com

## မလှိုင်မြို့နယ် ထန်းပင်ကန်ကျေးရွာတွင်မိုးကောင်း၍ ၁၀ နှစ်တာကာလအတွင်း နှမ်းအကောင်းဆုံးဖြစ်ထွန်း



မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ထန်းပင်ကန်အုပ်စု ထန်းပင်ကန်ကျေးရွာရှိ နှမ်းစိုက်တောင်သူများ မိုးကောင်းစွာရွာသွန်းခဲ့၍ ၁၀ နှစ်တာကာလအတွင်းတွင် ယခုနှစ်၌ နှမ်းအကောင်းဆုံး ဖြစ်ထွန်းကြောင်း ဒေသခံတောင်သူများထံမှသိရသည်။ ထန်းပင်ကန်ကျေးရွာနေ နှမ်းစိုက်တောင်သူ ဦးလှဖေက နှမ်းစိုက်လာတာ နှစ်ပေါင်းမနည်းတော့ပါဘူး။ အခုနှစ်က နှမ်းအဖြစ်ဆုံးပါ။ နှမ်းကို ရက်ပေါင်း ၆၀ လောက် စိုက်ပျိုးရပြီး ကျွန်တော် အခြောက်စိုက်ထားတာပါ။ မေ ၁၅ ရက်မှာ စစိုက်ခဲ့ပြီး ၂၃ ရက် က မိုးရွာသွန်းခဲ့တာပါ။ စိုက်ခဲ့တာ တစ်လခွဲလောက်ရှိပါပြီ။ နှစ်လခွဲလောက်ကျမှ ရိတ်ရမယ်။ အခုတော့ အပွင့်လည်း မြိုင်တုန်းရှိသေးတယ်။ နှမ်းခေါင်းမကျိုးသေးပါဘူး။ မနှစ်က နှမ်းအဟောင်းက အခု ကျပ် ၄၅၀၀၀၊ ၅၀၀၀၀ ခန့်ပေါက်တယ်။ အခုနှစ်ထွက်မယ့်နှမ်းကို တစ်တင်း ကျပ် ၃၀၀၀၀ လောက်ရဖို့ မျှော်လင့်တယ်။ မိုးကောင်းလို့လည်းဖြစ်တာပါ။ တစ်ခါမှလည်း ဒီလောက်မကောင်းဘူးပါဘူးဟုပြောဆိုသည်။

ထန်းပင်ကန်ကျေးရွာတွင် နှမ်းစိုက်ချိန်စော၍ ပထမမိုးမိခဲ့သူများမှာ နှမ်းဖြစ်ထွန်းမှု ပိုမိုကောင်းမွန်ပြီး နှမ်းစိုက်နောက်ကျသည့် တောင်သူများရှိသော်လည်း မိုးကောင်း၍ မိမိတို့ကျေးရွာရှိ နှမ်းစိုက်တောင်သူအားလုံး နှမ်းဖြစ်ထွန်းမှုကောင်းမွန်ကြောင်း ဒေသခံနှမ်းစိုက်တောင်သူများကပြောဆိုသည်။ ကျွန်တော့်ရွာမှာ နှမ်းကကောင်းပါတယ်။မိုးပေါ့နော်။ စိုက်တဲ့ပျိုးတဲ့အချိန် မိုးလေး အချိန်မီ၊ အခါမီရွာတော့ ကောင်းတာပေါ့။ ကျွန်တော် လုပ်ခဲ့တဲ့ ၁၀ နှစ်လောက်အတွင်းမှာ အရင်နှစ်တွေနဲ့ယှဉ်ရင် ဒီနှစ်က အကောင်းဆုံးပါ။ ဒီဘက်မှာတော့ ရက်ခြောက်ဆယ်/ ကံရို/စိန်ခိုအစရှိတဲ့ နှမ်းအမျိုးအစားသုံးမျိုးလောက် စိုက်ပါတယ်။ ကျွန်တော်ကတော့ ရက်ခြောက်ဆယ်နဲ့ စိန်ခိုအမျိုးအစားကို စိုက်ပါတယ်။ အခုစိုက်တာ ရက်ပေါင်း ၄၀ လောက်ရှိပြီမို့ ရက်ပေါင်း ၇၀ လောက်ဆို ရိတ်သိမ်းနိုင်မှာပါ။ မနှစ်ကနဲ့စာရင် ဒီနှစ် နှမ်းပိုထွက်မယ်လို့ မျှော်လင့်ပါတယ်။ မနှစ်ကလည်း ရာသီဥတုမကောင်းတော့ မထွက်ဘူး။ ဈေးလည်းမကောင်း ဘူး။ နှစ်သောင်းခွဲ၊ နှစ်သောင်းလောက်ပဲ ရှိခဲ့တယ်။

ဒီနှစ်နှမ်းကို အစိပ်စိုက်တာမို့ တစ်ဧကကို နှမ်းနှစ်ပြည်လောက် စိုက်ခဲ့တယ်။ တစ်ဧကကိုခုနစ်တင်းလောက်ထွက်မယ်ထင်ပါတယ်လို့ ထန်းပင်ကန်ရွာနေ ဦးရဲအောင်က ပြောဆိုသည်။ မလှိုင်မြို့နယ်တွင် ထန်းပင်ကန်အုပ်စုရှိ ကျေးရွာများ လယ်ကြီးကျေးရွာအုပ်စုနှင့် ကျေးရွာများတွင် မိုးကောင်း၍ နှမ်းဖြစ်ထွန်းသော်လည်း နှောကန်ကျေးရွာ၊ မကျည်းပင်ပု ကျေးရွာအစရှိသည့် မိုးမရွာသွန်းသည့်ကျေးရွာအချို့တွင် နှမ်းမဖြစ်ထွန်းမှုများလည်းရှိနေကြောင်းသိရသည်။

**Source:** https://myanmar.mmtimes.com/news/125663.html

## မြန်မာ-တရုတ်နယ်စပ် ကန်ပိုက်တီး၌ နယ်စပ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန်တစ်ခု မကြာမီတည်ဆောက်မည်ဖြစ်၍ ကန်ပိုက်တီးနယ်စပ်ကုန်သွယ်ရေးစခန်းတွင် ပို့ကုန်သွင်းကုန်ယာဉ်ရပ်နားစခန်း၊ ကုန်သိုလှောင်ရုံများ၊ ကုန်ပစ္စည်းစစ်ဆေးသည့် (X Ray) စက်များ စသည်ဖြင့် တိုးမြှင့်တည်ဆောက်မည်



မြန်မာ-တရုတ်နယ်စပ် ကန်ပိုက်တီးတွင် နယ်စပ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန်တစ်ခု မကြာမီတည်ဆောက်မည်ဖြစ်၍ ကန်ပိုက်တီးနယ်စပ်ကုန်သွယ်ရေးစခန်းတွင် ကုန်တင်ယာဉ်ကြီးများရပ်နားစခန်း၊ ကုန်သိုလှောင်ရုံများ၊ စစ်ဆေးရေးကိရိယာများ တိုးမြှင့်တည်ဆောက်မည်ဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှသိရသည်။ မြန်မာ-တရုတ်နယ်စပ်စီးပွားရေးပူး ပေါင်းဆောင်ရွက်မှုဇုန် တည်ဆောက် အကောင်အဖော်ရေးနှင့်ပတ်သက်၍ ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီတို့ကို နိုင်ငံတော်သမ္မတရုံးက ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီး ညှိနှိုင်းမှုများကိုဆောင်ရွက်လျက်ရှိကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးအောင်ထူးက ပြောကြားသည်။

ယင်းသို့ မြန်မာ-တရုတ်နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန်တည်ဆောက်သွားမည်ဖြစ်သဖြင့် မြန်မာ-တရုတ်နယ်စပ် ကချင်ပြည်နယ် ကန်ပိုက်တီးတွင် မကြာမီကာလအတွင်း နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန်တစ်ခု စနစ်တကျပေါ်ထွန်းလာမည်ဖြစ်၍ ကန်ပိုက်တီးနယ်စပ်ကုန်သွယ်ရေးစခန်းတွင် လက်ရှိထက်ဝန်ဆောင်မှုပေးနိုင်ရန် လိုအပ်သည့်အခြေခံအဆောက်အအုံများ၊ ဝန်ထမ်းအိမ်ရာများ၊ ကုန်တင်ယာဉ်ကြီးများ ရပ်နားစခန်း၊ ကုန်သိုလှောင်ရုံများ၊ ကတ္တားများ၊ စစ်ဆေးရေးကိရိယာ(X Ray) စသည်ဖြင့် အခြားလိုအပ်သည်များ တိုးမြှင့်တည်ဆောက်မည့်အစီအစဉ်များ ပါဝင်လာမည်ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အထိ အကောင်အထည်ဖော်ဆောင်ရွက်မည့် ငါးနှစ်စီမံကိန်းလျာထားချက်တွင် ကန်ပိုက်တီးနယ်စပ် ကုန်သွယ်ရေးစခန်း ခြံစည်းရိုးကာရံခြင်းလုပ်ငန်းအရှည် ဆောင်ရွက်ရန်အတွက် တန်ဖိုးကျပ် ၈၄ သန်း ထည့်သွင်းလျာထားပေးထားကြောင်း၊ ကန်ပိုက်တီးနယ်စပ်ကုန်သွယ်ရေးစခန်းတွင် ကုန်သွယ်မှုတိုးတက်များပြားလာသည်နှင့်အမျှ လက်ရှိကာလထက် ပိုမိုဝန်ဆောင်မှုပေးနိုင်ရန် လိုအပ်သည့်အခြေခံအဆောက်အအုံများ၊ ဝန်ထမ်းအိမ်ရာများ၊ ပို့ကုန်သွင်းကုန် ယာဉ်ရပ်နားစခန်းများ၊ သိုလှောင်ရုံများ၊ ကုန်ပစ္စည်းစစ်ဆေးသည့် (X Ray) စက်တို့ကို လုပ်ငန်းလိုအပ်ချက်အပေါ်မူတည်၍ ဖြည့်ဆည်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးအောင်ထူးက ပြောကြားသည်။

မြန်မာ-တရုတ်နယ်စပ်စီးပွားရေးပူး ပေါင်းဆောင်ရွက်မှုဇုန်များကို မူဆယ်၊ ချင်းရွှေဟော်နှင့် ကန်ပိုက်တီးတို့တွင် တည်ဆောက်ပြီး Core Zone ၊ ပို့ကုန်သွင်းကုန်ပစ္စည်းများသိုလှောင်ရန် ကုန်လှောင်ရုံဇရိယာများအဖြစ် ဖွဲ့စည်းတည်ထောင်သွားရန်လျာထားကြောင်း မြန်မာ-တရုတ်နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန် တည်ထောင်အကောင်အထည်ဖော်ရေးဆိုင်ရာ ဗဟိုကော်မတီဥက္ကဋ္ဌ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်ကပြောကြားသည်။ မူဆယ်နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန် တည်ဆောက်ရာတွင် မူဆယ်(ဟိုဆောင်)-ကျယ်ဂေါင်ကို Core Zone အဖြစ်လည်းကောင်း၊ ကြူကုတ်(ပန်ဆိုင်း)-ဝမ်တိန်-နွမ်းရင် (ကျိန်စိမ်းကျော့)-မန့်မန်(ရွှေလီ) တို့ကို Export Product Manufacturing Processing and Ware – house Area များအဖြစ်လည်းကောင်း၊ ဆယ်လန့်(မန်ဟီးရိုး)-ဆယ်လင်းနှင့် နမ့်ခမ်း-နောင်တောင်းတို့ကို Import Product Manufacturing Processing and Ware – house Area များအဖြစ် လည်းကောင်းဖွဲ့စည်းတည်ထောင်သွားရန် လျာထားကြောင်းနှင့် မြန်မာ-တရုတ်နယ်စပ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန် (BECZ) တည်ထောင်အကောင်အထည်ဖော်ခြင်းကိုလည်း နိုင်ငံတော်အစိုးရ၏ မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများ၊ တည်ဆဲဥပဒေများနှင့်အညီ စနစ်တကျတည်ထောင် အကောင်အထည်ဖော်ဆောင်ရွက်သွားရမည်

ဖြစ်ကြောင်း မြန်မာ-တရုတ်နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန် တည်ထောင်အကောင်အထည်ဖော်ရေးဆိုင်ရာ ဗဟိုကော်မတီဥက္ကဋ္ဌ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ပြောကြားသည်။

**Source:** https://news-eleven.com/article/122999

## အမေရိကန်ကိုကျော်ပြီး အာဆီယံက တရုတ်ရဲ့ဒုတိယမြောက်အကြီးဆုံး ကုန်သွယ်ဘက်ဖြစ်လာ

ကုန်သွယ်ရေးစစ် ဖြစ်နေခြင်းနဲ့အတူ အမေရိကန်ကတော့ တရုတ်ရဲ့ အဓိက အရေးပါတဲ့ ကုန်သွယ်ဘက် partner နေရာကို ဆုံးရှုံးလိုက်ရပြီ ဖြစ်ပါတယ်။ ယခုနှစ် ပထမ နှစ်ဝက်မှာတော့ ဥရောပသမဂ္ဂနဲ့ အရှေ့တောင်အာရှတို့က တရုတ်ရဲ့ အဓိက ကုန်သွယ်ဘက် partner တွေ ဖြစ်နေကြပြီး အမေရိကန်ကတော့ တတိယနေရာကို ရောက်သွားခဲ့ပါတယ်။ တရုတ်-အမေရိကန်ကုန်ပစ္စည်း ကုန်သွယ်မှုကတော့ ယင်းခြောက်လကာလအတွင်း ၁၄ ရာခိုင်နှုန်းအထိ ကျဆင်းပြီး ဒေါ်လာ ၂၅၈ ဒသမ ၃ ဘီလီယံရှိနေကြောင်း တရုတ်အကောက်ခွန် အာဏာပိုင်တွေက ထုတ်ပြန်တဲ့ ကိန်းဂဏန်းတွေအရ သိရပါတယ်။

တစ်ဘက်မှာတော့ တရုတ်နဲ့ အာဆီယံ ဒေသ နိုင်ငံတွေအကြား ကုန်သွယ်မှုကတော့ သိသိသာသာ မြင့်တက်မှုတွေ ရှိလာခဲ့တယ်လို့ သိရပါတယ်။ အာဆီယံ အဖွဲ့ဝင်နိုင်ငံတစ်ခုဖြစ်တဲ့ ဗီယက်နမ်ဆိုရင် တရုတ်ဆီကနေ ပို့ကုန်ရရှိမှုပိုင်း ၁၄ ရာခိုင်နှုန်းအထိ မြင့်တက်မှုကိုမြင်တွေ့ခဲ့ရကြောင်းသိရပါတယ်။ တရုတ်နဲ့အာဆီယံအကြား ကုန်သွယ်မှုကတော့ ပထမ နှစ်ဝက်အတွင်း ၄ ရာခိုင်နှုန်း တက်ပြီး ဒေါ်လာ ၂၉၁ ဒသမ ၈ ဘီလီယံအထိ ရောက်ရှိခဲ့တဲ့အတွက် အာဆီယံဒေသကတော့ အမေရိကန်ကျော်ပြီး တရုတ်ရဲ့ နံပါတ် ၂ အဓိကကုန်သွယ်ဘက်ဖြစ်လာခဲ့တယ်လို့သိရပါတယ်။

SFJ Strategy First Journal

**Source:** https://asia.nikkei.com/.../US-overtaken-by-Southeast-Asia-as...

## ပြည်တွင်းလက်ကျန်လျော့နည်း၍ နမ်းရောင်စုံဈေးမြင့်တက်နေ

ပြည်တွင်း၌ လက်ကျန်လျော့နည်းလာသည့်အပြင် တရုတ်နိုင်ငံမှ အဝယ်လိုက်နေခြင်းကြောင့် ပြည်တွင်း နှမ်းရောင်စုံ ဈေးနှုန်းများမြင့်တက်နေကြောင်း မန္တလေးနှမ်းရောင်းစုံ ဈေးကွက်မှသိရသည်။ လက်ရှိကာလမှာ ပြည်တွင်းနှမ်းလက်ကျန် လျော့နည်းလာချိန်ဖြစ်သည့်အပြင် တရုတ်နိုင်ငံမှလည်း လိုအပ်ချက်ရှိကာ ဝယ်လိုအားများနေခြင်းကြောင့် နှမ်းရောင်စုံ ဈေးနှုန်းများမှာ မြင့်တက်နေခြင်းဖြစ်သည်။ လက်ရှိ မန္တလေးဈေးကွက်တွင် နှမ်းဖြူ ၄၅ ပိဿာဝင် တစ်အိတ်လျှင် ၁၇၀၀၀၀ ဝန်းကျင်၊ နှမ်းညိုတစ်အိတ်လျှင် ၁၅၀၀၀၀ ကျပ်ဝန်းကျင်နှင့် ပန်းနှမ်းတစ်အိတ်လျှင် ၇၂၀၀၀ ဝန်းကျင် ပေါက်ဈေးရှိနေသည်။ မုံရွာဈေးကွက်တွင် နှမ်းနက်တစ်တင်းလျှင် ကျပ် ၇၈၅၀၀ ကျပ်ဖြင့် အမြင့်ဈေးတွင်ရှိနေသည်။

အဓိကဝယ်လက် ဖြစ်သည့် တရုတ်နိုင်ငံအနေဖြင့် နှမ်းနက်ကို အဓိကထားဝယ်ယူနေခြင်းကြောင့် နှမ်းနက် ၄၅ ပိဿာဝင်တစ်အိတ်လျှင် ၂၆၅၀၀၀ ကျပ်ဝန်းကျင်ထိ စံချိန်တင်ဈေးမြင့်တက်နေကြောင်း ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။ ပြီးခဲ့သည့်နှစ် ယခုလိုအချိန်က နှမ်းနက် ၄၅ ပိဿာဝင် တစ်အိတ်လျှင် ၁၉၀၀၀၀ ဝန်းကျင်တွင်သာ အရောင်းအဝယ် ဖြစ်ခဲ့သည်။ ဒါအမြင့်ဆုံးဈေးကိုရောက်နေတာပါ။ တရုတ်ကလဲ နှမ်းနက်ကို အဓိကထားဝယ်နေတာ ဆိုတော့လေ။ တစ်ခြားကာလတွေလည်း တက်တော့တက်နေတယ်။ နှမ်းနက်လောက်တော့မတက်ဘူးဟု အောင်လံ ကုန်စည်ဒိုင်အသင်းဥက္ကဋ္ဌ ဦးအောင်မိုးကဆိုသည်။

ပြည်ပဝယ်လိုအားများကာ ဈေးကောင်းရရှိနေခြင်းကြောင့် လာမည့် ၂၀၁၉ နိုဝင်ဘာလ မိုးနှမ်းပေါ်ချိန်တွင် လည်း အထွက်နှုန်းများလာနိုင်ကြောင်း ကုန်သည်များကဆိုသည်။ လာမယ့် ၉ လပိုင်း မိုးနှမ်းအပေါ်ကလည်း မနှစ်ကထက် ပိုအထွက်များနိုင်တယ်။ စိုက်အားများတဲ့အတွက်။ တရုတ်တို့၊ ဂျပန်တို့က ဈေးကောင်းပေးဝယ်တော့ စိုက်တဲ့သူတွေ စိတ်ဝင်စားတာပေါ့။ GAP နှမ်းအနက်စိုက်တဲ့ မကွေးတိုင်းတောင်ခြမ်းမှာကတော့ အထွက်များမယ်။ မကွေးတိုင်း မြောက်ပိုင်းကတော့ ခုချိန်ထိ မိုးမရွာသေးဘူး။ တစ်ချို့နေရာတွေမှာ မိုးရေချိန်နည်းနေတယ်။ ဒီနေရာတွေမှာတော့ သိပ်မရဘူး။ ဒီနေရာတွေမှာ နှမ်းညို၊ နှမ်းဂါတွေစိုက်တယ်။ ဒါတွေလာမယ့်နှစ်မှာ အထွက်နည်းနိုင်တာပေါ့ဟု ဦးအောင်မိုးက သုံးသပ်ပြောဆိုသည်။ မြန်မာနိုင်ငံမှနှမ်းကို တရုတ်၊ ဂျပန်၊ ထိုင်ဝမ်းနှင့် ကိုရီယားနိုင်ငံတို့ကို တင်ပို့ရောင်းချလျှက်ရှိပြီး၊ တရုတ်နှင့်ဂျပန်နိုင်ငံများသို့ အဓိကဝယ်ယူနေခြင်းဖြစ်သည်။

**Source:** https://www.facebook.com/amiamyanmar/posts/2332651156820367?__tn__=K-R

## မြန်မာ့ဂျုခြောက်ဝယ်ယူရေး တရုတ်နှင့်နားလည်မှုစာချုပ်ရေးထိုး

မြန်မာ့ဂျု အရည်အသွေးမြှင့်တင်မှုဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးနှင့် ဂျုခြောက်ဝယ်ယူရေးဆိုင်ရာ နားလည်မှုစာချွန်လွှာသဘောတူစာချုပ်ကို တရုတ်နိုင်ငံကုမ္ပဏီတစ်ခုနှင့် သဘောတူချုပ်ဆိုထားကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှသတင်းရရှိသည်။ ဂျုဟာ ဈေးကွက်အလားလာရှိတဲ့ ကုန်စည်ဖြစ်လာတယ်။ ဒါကြောင့် ဈေးကွက်ရှာရမှာဖြစ်တယ်ဟု အဆိုပါဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်ကပြောသည်။ အဆိုပါ နားလည်မှုစာချွန်လွှာကို မြန်မာနိုင်ငံမှ ချင်းတောင် ရတနာကုမ္ပဏီနှင့် တရုတ်နိုင်ငံမှ Sichuan Newstar Konijac Co.Ltd. တို့မှ ချုပ်ဆိုထားခြင်းဖြစ်ပြီး ဈေးကွက်ခိုင်မာမှု အလားအလာကောင်းများ ပေါ်ပေါက်လာပြီဖြစ်သည့်အတွက် စိုက်ပျိုးထုတ်လုပ်မှုကဏ္ဍကို အားပေးမြှင့်တင်ရန် လိုအပ်လာပြီဖြစ်ကြောင်း ၎င်းကဆက်လက်သည်။

မြန်မာ့ဂျုကို တရုတ်နိုင်ငံမှ စားသောက်ကုန်များအနေဖြင့် အသင့်စားအသားတုစားကုန်များ၊ ဂျယ်လီအမျိုးမျိုး၊ ခေါက်ဆွဲအမျိုးအမျိုး၊ ဂျုံမှုန့်အစားထိုး ဂျုအမှုန့်အဖြစ် အသုံးပြုခြင်း၊ စက်မှုကုန်ကြမ်းအနေဖြင့် ဆေးဆိုးပန်းရိုက်လုပ်ငန်း၊ စာရေးကိရိယာများတွင်အသုံးပြုသည့် ကော်ပြုလုပ်ခြင်း၊ အလှကုန်ပစ္စည်းများတွင် မျက်နှာပေါင်းတင်ဆေး ကော်ရည်အဖြစ် ပြုလုပ်သုံးစွဲလျက်ရှိသည်။ မြန်မာနိုင်ငံတွင် ဂျုပင်များကို ကရင်ပြည်နယ်၊ ကချင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ် တောင်ပိုင်းနှင့်မြောက်ပိုင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် အများဆုံးစိုက်ပျိုးကြောင်းသိရသည်။ မြန်မာနိုင်ငံတွင် ဂျုကို ချင်းပြည်နယ်တွင် အများဆုံးနှင့် စီးပွားဖြစ်စိုက်ပျိုးထုတ်လုပ်လျက်ရှိပြီး စုစုပေါင်း ဧက ၈၈၄၈ ဧကခန့် စိုက်ပျိုးလျက်ရှိကာ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ဧက ပေါင်း ၁၃,၀၀၀ ကျော်ခန့်ရှိကြောင်းသိရသည်။

ဂျုများကို မန္တလေးမြို့နှင့် မူဆယ်မြို့များသို့ တင်ပို့ရောင်းချကြသည့်အပြင် အိန္ဒိယ၊ ကိုရီးယား၊ တရုတ်၊ ဖိလစ် ပိုင်၊ အင်ဒိုနီးရှားနှင့် ဂျပန်နိုင်ငံများသို့လည်း တင်ပို့ကြကြောင်း သိရသည်။ လက်ရှိ ဈေးကွက်အတွင်း တစ်ရာသီလုံး ဂျုအစို တစ်ပိဿာလျှင် ၁၀၀၀ ကျပ်မှ ၂၀၀၀ ကျပ်ဝန်းကျင်၊ ဂျု အခြောက်တစ်ပိဿာလျှင် ၉၀၀၀ ကျပ်မှ ၁၂၀၀၀ ကျပ်ခန့် ဈေးရရှိနေကြောင်း သိရှိရသည်။

**Source:** https://www.facebook.com/amiamyanmar/posts/2330911490327667?__tn__=K-R

## ငါးမဖမ်းရကာလကြောင့် ငါးကုန်ကြမ်းများပြတ်လပ်နေငါးခြောက်လုပ်ငန်းမှ အလုပ်သမားများ အလုပ်လက်မဲ့ဖြစ်

ပင်လယ်ငါးကုန်အတက်ကိုအမှီပြုလုပ်ကိုင်လျက်ရှိသောငါးခြောက်လုပ်ငန်းများငါးမဖမ်းရကာလကြောင့် ငါးကုန်ကြမ်း ပြတ်လပ်ကာ အလုပ်သမားများအလုပ်လက်မဲ့ဖြစ်ပေါ်နေရကြောင်း၊ မြန်မာနိုင်ငံ ငါးပိ၊ ငါးခြောက်၊ ငံပြာရည် ထုတ်လုပ်ရောင်းချသူများအသင်းအထွေထွေအတွင်းရေးမှူး ဦးထွန်းစိန်က ဇူလိုင် ၁၄ ရက်၌ ပြောဆိုသည်။ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် မြန်မာ့ပင်လယ်ပြင်ငါးသယံဇာတများကို ထိန်းသိမ်းကာကွယ်ရန် ပင်လယ်ပြင် ငါးမဖမ်းရကာလကိုယခုနှစ်တွင် ဇွန်၁ရက်မှ ဩဂုတ်လကုန်အထိ သုံးလသတ်မှတ်ပိတ်ပင်ခဲ့ခြင်းဖြစ်ပြီး ယင်းပိတ်ပင်မှုကြောင့် ပင်လယ်ငါးကုန်အတက်ကို အမှီပြုလုပ်ကိုင်လျက်ရှိသောငါးခြောက်လုပ်ငန်းများ ကုန်ကြမ်းရှားပါးပြတ်လပ်၍ အလုပ်သမားများ အလုပ်လက်မဲ့ဖြစ်ကာ အခက်အခဲများဖြင့် ရင်ဆိုင်နေရကြောင်း ဦးထွန်းစိန်ကပြောဆိုသည်။ အခုလက်ရှိက ငါးမဖမ်းရရာသီအဖြစ် ပိတ်ထားတဲ့အတွက်ကြောင့်ကုန်ကြမ်းရှားပါးပြတ်လပ်တဲ့အနေအထားနဲ့ ငါးခြောက်လုပ်ငန်း၊ ငါးခြောက်ရုံတွေမှာ ငါးမရှိတော့ပါဘူး။ ငါးခုတ်တဲ့အလုပ်သမားတွေမှာလည်း ခုတ်စရာငါးမရှိဘူး။ မနှစ်တုန်းက ငါးမဖမ်းရရာသီသုံးလပိတ်တယ်။ ကမ်းဝေးငါးဖမ်းလှေ ၂၀ ရာခိုင်နှုန်းကို ငါးဖမ်းခွင့်ပေးခဲ့တဲ့အတွက်ကြောင့် ရှင်သန်ခွင့်ရသေးတယ်။ဒါပေမဲ့ ဒီနှစ်မှာ သုည ရာခိုင်နှုန်း လုံးဝပိတ်လိုက်တာဖြစ်တဲ့အတွက်ကြောင့်တော်တော် အခက်အခဲဖြစ်နေကြပါတယ်။ လုပ်ငန်းရှင်တွေမှာက ထိခိုက်မှုသိပ်မရှိဘူး။ အလုပ်သမားဝန်ထမ်းတွေ၊သူတို့သားသမီးတွေရဲ့ ပညာရေး အခက်အခဲတွေ့စေပါတယ်။ ကုန်ဈေးနှုန်းကတက်လာတဲ့အနေအထားမှာ ဝင်ငွေကမရှိဘူးဆိုတော့ သူတို့ ခက်ခဲလွန်းပါတယ်ဟု ၎င်းကပြောဆိုသည်။ ယင်းသို့သော အခက်အခဲများကြောင့် ငါးမဖမ်းရကာလသတ်မှတ်ခြင်းကို လာမည့်နှစ်များတွင် သုံးလအစားနှစ်လခန့်သာ သတ်မှတ်ပေးစေလိုကြောင်း ၎င်းကပြောဆိုသည်။

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်မှ အကြီးတန်းဒုတိယဥက္ကဋ္ဌ ဒေါက်တာတိုးနန္ဒာတင်က နှစ်လပိတ်မယ်၊ သုံးလပိတ်မယ် ဆိုတာက ကိုယ့်တိုင်းပြည်အပေါ်မူတည်ပါတယ်။ ဒီနှစ်မှာသုံးလပိတ်လိုက်တဲ့အတွက်ကြောင့် ဘာကောင်းကျိုးတွေဖြစ်လာသလဲဆိုတာ ကြည့်ရမယ်။ သုံးလပိတ်လိုက်လို့ ကောင်းကျိုးအများကြီးဖြစ်တယ်ဆိုရင် သုံးလပိတ်သင့်တယ်။ ဒါပေမဲ့ အရမ်းကြီးမထူးရင်တော့ ပြန်စဉ်းစားသုံးသပ်ရမယ်။ ငါးသားပေါက်ရာသီနဲ့ပတ်သက်ပြီး ပိတ်တာဖြစ်တဲ့အတွက်

သုတေသနလုပ်ငန်းဆောင်ရွက်ရမယ်ဟု သုံးသပ်ပြောဆိုသည်။

လက်ရှိဈေးကွက်အတွင်း ငါး ခြောက်ရှားပါးမှုကြောင့် ယခင် ကျပ် ၆၀၀၀ တန် ငါးခြောက်မှာ ယခုကျပ် ၈၀၀၀ ၊ ယခင် ကျပ် ၁၃၀၀၀ တန်ငါးခြောက်မှာ ယခု ကျပ် ၁၆၀၀၀ သို့ ဈေးနှုန်းများမြင့်တက်လာသော်လည်း ငါးပိ၊ ငံပြာရည် ထုတ်လုပ်မှုကို ထိခိုက်ခြင်းမရှိကြောင်းသိရသည်။ ရန်ကုန်မြို့ရှိ ငါးပိ၊ ငါးခြောက်ဖုန်တွင် စက်ရုံပေါင်း ၃၁၅ ရုံရှိပြီး လက်ရှိတွင်စက်ရုံပေါင်း ၅၀ သာ လုပ်ငန်းလည်ပတ်လျက်ရှိကြောင်းသိရသည်။

**Source:** https://www.facebook.com/standardtimedaily/

## ချင်းပြည်နယ် ရိဒ်နယ်စပ်ကုန်သွယ်မှုကို တစ်ဖက်အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ်အကောက်ခွန်ဌာနမှ ရက်အကန့်အသတ်မရှိ ရပ်ဆိုင်းထား

ချင်းပြည်နယ် ရိဒ်နယ်စပ်ကုန်သွယ်မှုကို တစ်ဖက်အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ်အကောက်ခွန်ဌာနမှ ရက်အကန့်အသတ်မရှိရပ်ဆိုင်းထားရှိကြောင်းသိရသည်။ အဆိုပါ ရိဒ်နယ်စပ်ကုန်သွယ်ရေးစခန်းမှတစ်ဆင့် နှစ်နိုင်ငံကုန်သွယ်မှုကို ဇူလိုင် ၁၅ ရက်နေ့မှ စတင်ရပ်ဆိုင်းထားခြင်းဖြစ်ပြီး ယင်းရပ်ဆိုင်းမှုကြောင့် ရိဒ်နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများ ရပ်နားခဲ့ရကြောင်းသိရသည်။ ရိဒ်နယ်စပ် ကွမ်းသီးကုန်သည်ဒေါ်နကု အလည်အပတ်သွားလာတာမျိုးကတော့ခွင့်ပြုတယ်။ သွားလို့ရတယ်။ ဒါပေမဲ့ အရောင်းအဝယ်ကိစ္စတွေကတော့ ဇူလိုင် ၁၅ ရက်ကစတင်ပြီး ပိတ်လိုက်တာဖြစ်တယ်။ အခုလောလောဆယ်အထိတော့ မြန်မာဘက်က ဘာကုန်ပစ္စည်းမှတင်ပို့ရောင်းချလို့ မရဘူးဖြစ်နေတယ်။ ပုပ်ကုန်သိုးကုန်တွေဖြစ်တဲ့ ဒေသထွက် ကုန်စိမ်းတွေလည်းမသွားရဘူးဖြစ်နေတယ်။ နယ်စပ်မှာပုံမှန်မဟုတ်တဲ့အခါကျတော့ ကုန်သည်တွေ အခက်ကြုံနေရပါတယ်။ အဆိုးဆုံးကတော့ ကုန်စိမ်းသမားတွေပဲ။ ရက်ရှည်ထားလို့မရတော့ အရှုံးပေါ်ကြမှာပေါ့ဟု ဇူလိုင် ၁၆ ရက်က ဒီမိုကရေစီတုဒေးသို့ပြောသည်။

ယင်းရိဒ်နယ်စပ်ကုန်သွယ်ရေးတွင် ပြီးခဲ့သည့်လများအတွင်း ဇိုခေါဒါးရ်ရွာ အလုပ်သမားများနှင့် ကြံဖိုင်းမြို့ အလုပ်သမားတို့၏ မပြေလည်မှုကြောင့် လမ်းပိတ်ထားမှုများလည်းဖြစ်ပွားခဲ့ပြီး၊ ယခုကုန်သွယ်မှုရပ်ဆိုင်းထားခြင်းသည် နှစ်နိုင်ငံကုန်သွယ်ရေးမှရရှိသော အကောက်ခွန်နှင့်ပတ်သက်၍ အိန္ဒိယအကောက်ခွန်ဌာနနှင့် Import-Export Code Holder Association Mizoram (IEC) အဖွဲ့အစည်းအကြား အငြင်းပွားမှုကြောင့်ဖြစ်နိုင်ကြောင်း ဒေသခံကုန်သည်များက သုံးသပ်ပြောဆိုသည်။ ရိဒ်နယ်စပ်ဒေသခံကုန်သည်တစ်ဦးက သူတို့အဆိုအရ မြန်မာဘက်ကနေပြီး ကုန်စည်ဝယ်ယူလို့ တစ်ဖက်နိုင်ငံတွင်းကိုသယ်ယူတယ်။ ရိခေါဒါရ်မြို့နှင့်မီဇိုရမ်ကူးသန်းသွားလာရောင်းဝယ်နေတဲ့ ကုန်သည်အများစုဟာ အိန္ဒိယအစိုးရရဲ့အသိအမှတ်ပြု သွင်းကုန်ထုတ်ကုန်လိုင်စင်မရှိကြတဲ့အပြင် အစိုးရထံမှာလည်း အခွန်ပေးဆောင်မှု မရှိကြတဲ့အတွက်ပိတ်လိုက်တယ်။ Import–Export Code Holder Association Mizoram (IEC) က နစ်နာမှုတွေ ရှိတဲ့အတွက် လမ်းပိတ်တာလို့ဆိုပါတယ်။ ဟိုတုန်းကလည်းအခုလို ပိတ်ခဲ့ဖူးပါတယ်ဟုပြောသည်။ ယင်းရိဒ်နယ်စပ်ကုန်သွယ်မှုကိုတစ်ဖက်နိုင်ငံမှ မကြာခဏရပ်ဆိုင်းထားတတ်ပြီး ယခုရပ်ဆိုင်းထားခြင်းနှင့်ပတ်သက်၍ ရိဒ်ခေါဒါရ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံးသို့ ဆက်သွယ်မေးမြန်းခဲ့သော်လည်း အကြောင်းရင်းသေချာမသိရသေးကြောင်း ပြန်လည်ဖြေကြားခဲ့သည်။

ရိဒ်နယ်စပ်အခြေစိုက် Rih Lentlang Youth Association အကြံပေးပုဂ္ဂိုလ် ဦးဇိုဒင့်နာက ရိဒ်နယ်စပ်ကို တစ်ဖက်နိုင်ငံက အရောင်းအဝယ်ပိတ်လိုက်ခြင်းသည် တစ်ဖက်နိုင်ငံအနေဖြင့် ကုန်သွယ်ခွင့်တရားဝင်လိုင်စင်ရှိသူကိုသာ ကုန်သွယ်ရောင်းဝယ်ခြင်းကို ခွင့်ပြုဖို့ရည်ရွယ်ခြင်းဖြစ်ပါတယ်။ ကုန်သွယ်ခွင့်လိုင်စင်မရှိဘဲ အရောင်းအဝယ်ဆောင်ရွက်နေတာတွေကို မှောင်ခိုအဖြစ် သတ်မှတ်ထားပြီးတဲ့အတွက် နှစ်နိုင်ငံတာဝန်ရှိသူတွေ တရားဝင်သတ်မှတ်မှုများနဲ့ ကုန်သည်တွေ၊ ဒေသခံတွေ ကုန်စိမ်းအရောင်းအဝယ်သမားတွေ ပုံမှန်အရောင်းအဝယ်ဆောင်ရွက်ဖို့လိုအပ်ပါတယ်ဟုပြောသည်။

**Source:** democracytoday

https://yangonmedia.com/business/%e1%80%81%e1%80%ba%e1%80%84%e1%80%b9%e1%80%b8%

## အောင်လံမြို့ အိမ်တွင်းလက်မှုသနပ်ခါးခြစ်တုံလုပ်ငန်း ကုန်ကြမ်းအခက်အခဲကြောင့် ဈေးကွက်အမှာများ မပေးနိုင်ဖြစ်ကာ ရပ်နားထားရ

မကွေးတိုင်းဒေသကြီး အောင်လံမြို့ရှိ အိမ်တွင်းလက်မှုသနပ်ခါးခြစ်တုံလုပ်ငန်းတွင် အဓိကအသုံးပြုသောကုန်ကြမ်း အခက်အခဲကြောင့် ဈေးကွက်အမှာများမထုတ်လုပ်ပေးနိုင်၍ လုပ်ငန်းရပ်နားထားရကြောင်း ထုတ်လုပ်သူထံမှသိရသည်။ ဒီအမျိုးသမီးသုံး သနပ်ခါးခြစ်တုံလုပ်ငန်းက မိဘဘိုးဘွားတွေ လက်ထက်ကတည်းက လုပ်လာတာပါ။ အရင်ကကုန်ကြမ်း ပစ္စည်းက အဆင်ပြေပေမယ့် အခုအသုံးပြုတဲ့ အဓိကကုန်ကြမ်းတွေက ဝယ်ယူဖို့အခက်အခဲရှိလာတာကြောင့် ဈေးကွက် အမှာတွေကို လိုသလောက် ထုတ်လုပ်မပေးနိုင်တာကြောင့် နေ့စဉ်ထုတ်လုပ်နိုင်ခြင်းမရှိတဲ့အတွက် ရပ်နားထားရတယ်ဟု အောင်လံမြို့မှ သနပ်ခါးခြစ်တုံလုပ်ငန်းလုပ်ကိုင်သူ မအေးနှင်းခိုင်ကပြောကြားသည်။

အောင်လံမြို့ရှိ အမျိုးသမီးသုံးသနပ်ခါးခြစ်တုံလုပ်ငန်း၏ အဓိကကုန်ကြမ်းဖြစ်သော သစ်သားအမျိုးအစားမှာ နှောသစ်မျိုးဖြစ်ကာ အမွှေးကိုလည်း မြင်းလည်ဆံမွှေးကိုသာအသုံးပြုသဖြင့် ယင်းကုန်ကြမ်းပစ္စည်းရရှိမှု ခက်ခဲလာနေခြင်း ဖြစ်ရာ ယခင်က နေ့စဉ်သနပ်ခါးခြစ်တုံထုတ်လုပ်ခြင်းကိုလုပ်ခဲ့ရပြီး ယခုအခါ ကုန်ကြမ်းပစ္စည်းရရှိမှုပေါ် မူတည်ကာ လုပ်ကိုင်နေကြရသည်။ အဆိုပါအမျိုးသမီးသနပ်ခါးခြစ်တုံလုပ်ငန်းကို အောင်လံမြို့ရှိ မဟာသမယလမ်း ဇေယျာဝတီ ရပ်ကွက်တွင် တစ်ဦးတည်းအိမ်တွင်းလက်မှုလုပ်ငန်းအဖြစ် အမျိုးသမီးလုပ်သားများဖြင့် ထုတ်လုပ်နေခြင်းဖြစ်ပြီး သနပ်ခါး ခြစ်တုံများကို အောင်လံ၊ သရက်၊ ဆင်ပေါင်ဝဲ၊ မကွေး၊ ရန်ကုန်၊ ပြည်နှင့် မန္တလေးဈေးကွက်များသို့ တစ်ချောင်း ကျပ် ၇၀၀ ဖြင့် အများဆုံးတင်ပို့ပေးနေရကြောင်းသိရသည်။

**Source:** democracytoday

https://yangonmedia.com/business/%e1%80%b1%e1%80%a1%e1%80%ac%e1%80%84%e1%80%b9%

## အိန္ဒိယသို့ မြန်မာ့ပဲမျိုးစုံ တိုက်ရိုက်တင်ပို့သည့် ကုမ္ပဏီပေါင်း ၁၀၀ ကျော်ရှိ

မြန်မာနိုင်ငံမှ အိန္ဒိယသို့ ပဲမျိုးစုံ တိုက်ရိုက်တင်ပို့နေသည့် ကုမ္ပဏီပေါင်း ၁၀၀ ကျော်သာရှိကြောင်း မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းမှ သတင်းရရှိသည်။ ကုမ္ပဏီပေါင်း ၉၀၀ ခန့်သည် စင်္ကာပူနိုင်ငံမှ တဆင့်ခံ တင်ပို့ခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံပဲမျိုးစုံနှင့်နှမ်းကုန်သည်များအသင်း အတွင်းရေးမှူး ဦးမင်းကိုဦးကပြောသည်။ ပဲမျိုးစုံ တင်ပို့တာကို စင်္ကာပူကနေ တစ်ဆင့်ခံ သွားတာများတယ်။ ငွေကြေးဆက်သွယ်မှုက စင်္ကာပူက ဘဏ်စနစ်ကောင်းတွေ ရှိတယ်။ အခုအိန္ဒိယနဲ့ နိုင်ငံတကာကတော့ မြန်မာ့ပဲမျိုးစုံကို အဆက်မပြတ်ဝယ်ယူနေတယ်ဟု ၎င်းကဆက်လက် ပြောသည်။ တဆင့်ခံ ဝယ်ယူသည့်ကုမ္ပဏီများအနေဖြင့် အိန္ဒိယဈေးကွက်တွင် ပဲမျိုးစုံတစ်တန်လျှင် ကန်ဒေါ်လာ ၉၀၀ ခန့် ဈေးပေါက်နေပါက ပြည်တွင်းမှ တစ်တန်လျှင် ၇၈၀ နှုန်းဖြင့်သာ ဈေးပေးဝယ်ယူကြောင်း၊ ယင်းကဲ့သို့ ဈေးလျှော့ကာ ဝယ်ယူမှုသည် ပင်လယ်ရေကြောင်းတင်ပို့သည့် ကုန်ကျစရိတ်များ ကာမိစေရန်အတွက်ဖြစ်ကြောင်းသိရသည်။ အခု အောက်တိုဘာအထိပဲ အိန္ဒိယကတင်သွင်းခွင့်ပေးမယ်ဆိုရင်တော့ ပြည်တွင်းကုမ္ပဏီတွေ အပြိုင်အဆိုင်ဝယ်ယူကြမှာမို့ ဈေးတက်လာဖို့မျှော်လင့်တယ်။ ဈေးနှုန်းကတော့ အိန္ဒိယမွန်ဘိုင်းပေါက်ဈေးနဲ့ ရန်ကုန်ပေါက်ဈေးကကွာခြားတယ်။ ဟိုဘက်မှာ တစ်တန်ကို ကန်ဒေါ်လာ ၈၀၀ ပေါက်နေရင် ဒီမှာတော့ ဒေါ်လာ ၆၅၀ ဝန်းကျင်လောက်ပဲ ပေးဝယ်တယ်ဟု ဘုရင့်နောင်ရှိ ဝင်းပွဲရုံပိုင်ရှင် ဦးရဲမြင့်ကပြောသည်။

လက်ရှိဘဏ္ဍာနှစ် (အောက်တိုဘာလမှ ဇူလိုင်လ) အထိ အိန္ဒိယနိုင်ငံ အပါအဝင် ပြည်ပနိုင်ငံအချို့သို့ ပဲမျိုးစုံတန်ချိန် ၁ဒသမ၂၄ သန်းခန့် တင်ပို့မှုမှဝင်ငွေ ကန်ဒေါ်လာ သန်း ၇၇၀ ကျော် ရရှိထားပြီး၊ ယခင်ဘဏ္ဍာနှစ်ကာလတူထက် တန်ချိန် လေးသိန်းကျော်၊ ဝင်ငွေကန်ဒေါ်လာ သန်း ၂၅၀ ခန့် ပိုမိုရရှိထားကြောင်းသိရသည်။ လက်ရှိ မြန်မာ့ပဲမျိုးစုံကို အိန္ဒိယ၊ တရုတ်အပါအဝင် နိုင်ငံတကာသို့တင်ပို့သည့် ကုမ္ပဏီပေါင်း ၁၀၀၀ ကျော်ရှိသည့်အတွက် ကုမ္ပဏီနာမည်စာရင်းကို အတိအကျကောက်ခံရန် မလွယ်ကူကြောင်း၊ စင်္ကာပူမှတဆင့်ခံတင်ပို့ခြင်းသည် ပွဲစားနိုင်ငံဖြစ်ခြင်းနှင့် ငွေကြေးစနစ်အပေါ် အာမခံနိုင်ခြင်းတို့ကြောင့်ဖြစ်ကြောင်းသိရသည်။ လက်ရှိ မြန်မာ-အိန္ဒိယ ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုသည် အဆင့် ၄ ၌ ရပ်တည်နေပြီး မြန်မာ-စင်္ကာပူ ကုန်သွယ်မှုသည် အဆင့် ၃ ၌ ရပ်တည်နေကြောင်းသိရသည်။ ပြီးခဲ့သည့် ၂၀၁၇-၁၈ ဘဏ္ဍာနှစ်အတွင်းက ပြည်ပသို့ ပဲမျိုးစုံတန်ချိန် ၁ ဒသမ ၃ သန်းခန့်တင်ပို့ထားပြီး၊ ဝင်ငွေကန်ဒေါ်လာ သန်း ၈၀၀ ကျော် ရရှိထားကြောင်းသိရသည်။

**Source:** https://www.facebook.com/amiamyanmar/posts/2332595246825958?__tn__=K-R

## ပြည်ပမှ ပဲပုပ်တင်သွင်းမှုများရှိနေ

ပြည်တွင်းရှိ ပဲပြားနှင့်တိရစ္ဆာန်အစာ ထုတ်လုပ်တဲ့လုပ်ငန်းများလိုအပ်ချက်အရ အမေရိကန်၊ အိန္ဒိယ၊ ထိုင်းနှင့် အာဖရိကနိုင်ငံတချို့မှ ပဲပုပ်တင်သွင်းမှုများရှိကြောင်း မြန်မာ့ပဲပုပ်အများပိုင် တောင်သူကုမ္ပဏီဥက္ကဋ္ဌ ဦးဝင်းဇော်အေး၏ ပြောကြားချက်အရသိရပါတယ်။ ယင်းသို့ တင်သွင်းရာတွင် တစ်နှစ်လျှင်အနည်းဆုံး ပဲပုပ်တန်ချိန်ရှစ်သိန်းအထိ တင်သွင်းလျက်ရှိပြီး အဓိကအားဖြင့် ပဲပြားထုတ်လုပ်ရန်နှင့် တိရစ္ဆာန်အစာဖြစ်သည့် ပဲဖတ်ကို အဓိကထားထုတ်လုပ်နေသော ပဲပုပ်ဆီစက် စသည့်အသေးစားလုပ်ငန်းများမှ လိုအပ်ချက်အရတင်သွင်းနေခြင်းဖြစ်ကြောင်းသိရပါတယ်။ တင်သွင်းတာကတော့ ပဲပြားလုပ်ငန်းရှင်တွေက သိလှောင်ထားတဲ့ ပဲမဟုတ်ဘဲ လတ်ဆတ်တဲ့ပဲမျိုးဆိုရင်တော့ တင်သွင်းလာတာရှိတယ်။ အများဆုံး ပြည်ပကနေတင်သွင်းနေတာကတော့ တိရစ္ဆာန်အစာအတွက်ပါပဲဟု ဦးဝင်းဇော်အေးက ပြောကြားခဲ့ပါတယ်။

ပြည်တွင်းမှထွက်ရှိနေတဲ့ ပဲပုပ်များက ပဲပြားလုပ်ငန်းများအတွက် လုံလောက်မှုမရှိသေးတဲ့အပြင် ရှမ်းပြည်နယ် (မြောက်ပိုင်း၊ တောင်ပိုင်း)နှင့် ကချင်ပြည်နယ်တို့မှ ထွက်ရှိတဲ့ပဲပုပ်များကိုလည်း တရုတ်နိုင်ငံသို့တင်ပို့နေရကြောင်း သိရပါတယ်။ ရှမ်းပြည်နယ်နဲ့ ကချင်ပြည်နယ်မှာတော့ ပဲပုပ်က မိုးရာသီကျမှ ပေါ်တာဖြစ်တဲ့အတွက် ရာသီဥတု ဖောက်ပြန်ရင် ပဲကောင်းထွက်တာနည်းတယ်။ ပဲကောင်းအသုံးမပြုရင် ပဲပြားမှာ စိုထိုင်းဆများပြီး ပဲပြားအရည်အသွေး ကျသွားတဲ့အတွက် ပြည်ပကနေတင်သွင်းတာလည်းပါတယ်ဟု ဦးဝင်းဇော်အေးကပြောကြားခဲ့ပါတယ်။

ပြည်တွင်းမှ ပဲပုပ်များကို တရုတ်နိုင်ငံသို့တင်ပို့ရာတွင် တရုတ်ယွမ်ငွေဖြင့် ရောင်းချရခြင်းဖြစ်ပြီး ပြည်ပမှပြန်လည် တင်သွင်းရာ၌ အမေရိကန်ဒေါ်လာဖြင့် တင်သွင်းရသည့်အတွက် နစ်နာမှုများရှိကြောင်း၊ ပြည်တွင်း၌ တစ်နှစ်လျှင် ပဲပုပ် တန်ချိန် သုံးသိန်းဝန်းကျင်သာ ထွက်ရှိသည့်အတွက် လက်ရှိတွင် တိုးချဲ့စိုက်ပျိုးလျက်ရှိကြောင်းနှင့် ပဲပုပ်မှစားသုံးဆီ၊ ပဲပုပ်ဖတ်၊ ဆပ်ပြာ၊ အိမ်သုတ်ဆေး၊ ဆေးဝါးနှင့်ပဲငံပြာရည်အစရှိတဲ့ တန်ဖိုးမြင့်ထုတ်ကုန်များကို ထုတ်လုပ်လျက်ရှိကြောင်း သိရပါတယ်။ **Source:** https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/2159-soybean-imports-are-from-abroad.html

## STOCK EXCHANGE (17.7.2019)

YANGON STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 17th Jul. 2019

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 11,500 | +0 | +0.00% | 11,500 | 11,500 | 11,500 | 1,239 | 14,248,500 | 27,112,747 | 311,797 |
| MTSH | 00002 | 3,250 | +50 | +1.56% | 3,250 | 3,250 | 3,250 | 13,005 | 42,266,250 | 38,929,150 | 126,520 |
| MCB | 00003 | 8,000 | +0 | +0.00% | 8,000 | 8,000 | 8,000 | 30 | 240,000 | 10,400,986 | 83,208 |
| FPB | 00004 | 23,500 | +0 | +0.00% | 23,500 | 24,000 | 23,500 | 323 | 7,593,000 | 2,472,053 | 58,093 |
| TMH | 00005 | 3,000 | +0 | +0.00% | 3,000 | 3,000 | 3,000 | 3,526 | 10,578,000 | 12,212,906 | 36,639 |

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 451.39 | +1.42 | +0.32% | 451.39 | 452.30 | 451.39 | 18,123 | 74,925,750 | 5 | 616,257 |

### Index chart




# Market Overview

As of 1:00 pm, 17th Jul. 2019

| MYANPIX | 451.39 ▲ 1.42 |
|---|---|
| Total Volume (shares) | 18,123 |
| Total Value (MMK) | 75 mil |
| Listed Company | 5 |
| Market Cap. (MMK) | 616,257 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 11,500 | ▲ 0 |
| MTSH | 00002 | 3,250 | ▲ 50 |
| MCB | 00003 | 8,000 | ▲ 0 |
| FPB | 00004 | 23,500 | ▲ 0 |
| TMH | 00005 | 3,000 | ▲ 0 |